# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၁)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၆ ရက် ၊ ၁၀–၁၂–၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်က ချမှတ်ထားတဲ့ ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှု ကျူးလွန်သည့် မည်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားဘဲ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရမှာဖြစ်

### အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် Video Message

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

အားလုံး မင်္ဂလာပါ။

ယနေ့ ဒီဇင်ဘာလ ၉ ရက်နေ့မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ အဂတိလိုက်စားမှု ပြဿနာဟာ ကြီးမားတဲ့အဟန့်အတား ဖြစ်ပါတယ်။ မိမိတို့အစိုးရအနေနဲ့ အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ မျှတမှု၊ တရားဥပဒေစိုးမိုးမှု စတဲ့ကောင်းမြတ်တဲ့အလေ့အထတွေ ပိုမိုမြင့်မားလာစေရေးကို မျှော်မှန်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာနဲ့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ ၃ သို့ ❖



## ယနေ့ ဖတ်စရာ အညွှန်း


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၂

– – – – – –

အက်စ်တီဟအိုကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် မန်စီးတီးအသင်း စိစဉ်

စာမျက်နှာ ၁၁

– – – – – –

တရုတ်နိုင်ငံမှ ယိုဂန် ၄၇ အမည်ရှိ ငြိုဟ်တုအသစ်တစ်လုံးကို လောင်းမတ်ချ် ၄ ဘီ သယ်ဆောင်ရေးဒုံးပျံဖြင့် လွှတ်တင်

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၉

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၁၀ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး

# ဆောင်းရာသီ သဘာဝအလှတရားများ

ဆောင်းရာသီ၏ စေတမန်ကနှင်းဆောင်း၏အဖော်မွန်ကမြောက်ပြန်လေအေးအေးပင်ဖြစ်သည်။ မြူနှင်းများကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံး ဝိုးတဝါးဖြစ်ရသည်။ ငွေရောင်အဆင်းရှိသောနှင်းရည်များကလည်း တစ်စက်ချင်း ကျနေသည်မှာ လောကကြီးတစ်ခုလုံး အေးချမ်းလျက်ရှိသည်။ ဆောင်းရာသီ၏ ဂီတသံဖြစ်သောဆီးနှင်းသံတဖြောက်ဖြောက်ကလည်း နားဝင်ချိုလှသည်။ ဆောင်းရာသီသည် သာယာလှပသော ပန်းချီကားချပ်သဖွယ် ရှုမငြီးဖြစ်ရလေသည်။ ထို့ပြင်ဆောင်းရာသီတွင် မြစ်ပြင်ကျယ်များ၌ မြူမှုန်လွှာပါးပါးလေးဖြင့် လွှမ်းခြုံနေသည့် မြင်ကွင်းကလည်း အမြင်တစ်မျိုးဆန်းကြယ်လျက်ရှိသည်။ မြစ်ပြင်တစ်ဝိုက်တွင်လည်း အရုဏ်ဦး၏ လေနုအေးက လှိုင်းကြက်ခွပ်များသဖွယ် ဖြစ်ပေါ်လျက်ရှိသည်။ မြစ်ပြင်ကိုအဝေးမှ ကြည့်လိုက်လျှင် ရေပြင်ကျယ်နှင့်မြူနှင်းတို့၏ အားပြိုင်နေမှုက အမြင်ကိုသဲကွဲစွာ မတွေ့ရပါ။ ရေပြင်တွင် လှိုင်းကလေးများ ကခုန်ကာ ပျောက်သွားလိုက်ပေါ်လာလိုက်ဖြင့် နှစ်သက်စဖွယ်ဖြစ်နေသည်။ အမြင်အာရုံထူးလှသည့် ဆောင်းရာသီ၏ သဘာဝအလှတရားပင်ဖြစ်သည်။ ဆောင်းရာသီ၌ လယ်ကွင်းများကိုကြည့်လိုက်လျှင် စပါးရွှေဝါတို့ ဝေဖြာမှည့်ဝင်းနေကြသည့်အမြင်က ရိုးအီသွားခြင်းမရှိပါ။ အချို့ရိတ်သိမ်းပြီးစ ကောက်ပုံလေးများကလည်း လယ်ကွင်းပြင်၌ ရွှေတောင်ကြီးပေါက်သကဲ့သို့ မို့မောက်လျက်ရှိသည်။ ဆောင်းရာသီတွင် သဇင်ပန်း၊ ပေါက်လဲပန်း၊ ခဝဲပန်း၊ ခွာညိုပန်းစသော ရာသီပန်းတို့ကလည်း နှင်းရည်များကိုသောက်သုံးကာ ပွင့်လန်းလျက်ရှိသည်။ တော်ဝင်ပန်းဖြစ်သော သဇင်ပန်းသည် ဆောင်းရာသီ၏ ကျက်သရေကို တင့်တယ်ဝေဆာလျက်ရှိသည်။ ဆောင်းရာသီသည် တန်ဆောင်မုန်းမှ တပို့တွဲအထိ အေးသောကာလဖြစ်သည်။ အတိအကျဆိုပါက တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ တပို့တွဲလပြည့်နေ့အထိဖြစ်သည်။ ဆောင်းရာသီ၏ အလှဆုံးလမှာ ပြာသိုလပင်ဖြစ်သည်။ ပြာသိုလတွင် ရှေးက မြင်းခင်းသဘင်ပွဲများကို ကျင်းပခဲ့ကြသည်။ ဆောင်းရာသီ၌ ကျင်းပလေ့ရှိသော ထမနဲထိုးပွဲများကိုလည်း ယနေ့တိုင်တွေ့နိုင်သေး သည်။ မြန်မာတို့၏ စုပေါင်းဆောင်ရွက်လိုသော စည်းလုံးညီညာသည့်စိတ်အခြေခံကောင်းများကို ပြသနေသည့်ပွဲဟုလည်း ဆိုရမည်ဖြစ်သည်။

ဆောင်းရာသီတွင် အားကစားအထောက်အကူပစ္စည်းလည်းမလို၊ ခက်ခက်ခဲခဲ လေ့ကျင့်ရန်လည်းမလို၍ ငွေကုန်ကြေးကျသက်သာပြီး လူစုလူဝေးဖြင့် စုပေါင်းလှုပ်ရှားနိုင်သည့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများကို ပြုလုပ်နေကြခြင်းသည် ဆောင်းရာသီ၏ အလှတရားများဖြစ်သည်။ ဆောင်းရာသီအလှတရားများထဲတွင် ဒီဇင်ဘာလ မြူနှင်းမှုန်များကြားတွင် လမ်းလျှောက်ရသည်မှာလည်း အလွန်ပျော်စရာကောင်းလှသည်။ "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့"ဟူသော လှုံ့ဆော်သံများသည် တစ်နိုင်လုံးပျံ့လွှင့်လျက်ရှိသည်။ ကျန်းမာရေးအတွက် နှစ်သက်ဖွယ်ကောင်းသော ဆောင်းရာသီပင်ဖြစ်သည်။ နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်၍ အများပြည်သူစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။ သို့ဖြစ်ရာ ဆောင်းရာသီ၏သဘာဝအလှတရားများသည် လူသားတို့အတွက် ခေတ်အဆက်ဆက် မရိုးနိုင်သော အလှများအဖြစ် ထာဝရတည်ရှိနေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ယနေ့ နံနက် ၉ နာရီက ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ဗဟုသုတများ ဟောပြောပြီး ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပန်းချီရေးဆွဲခြင်း ပြိုင်ပွဲများကို ကျင်းပဆောင်ရွက်ပေးခဲ့ရာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမား ခိုင်းစေမှုလျှော့နည်းပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ၍ ကျောင်းသား၊ ကျောင်းသူနှင့် ဆုရရှိသူများအား မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**အလင်းသစ်**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၉**

အနာဂတ်ကာလတွင် မျိုးဆက်သစ်ကျောင်းသားလူငယ်များ အသိပညာဗဟုသုတ များစွာရရှိစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိက "ကျောင်းသားလူငယ်များ၏ ဘဝတက်လမ်းကို ဖျက်ဆီးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းအရာများ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အကြောင်းအရာများ၊ ခေတ်မီတိုးတက်လာသော နည်းပညာများ အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးကျိုးများ"စသည့် လူငယ်များနှင့်သက်ဆိုင်သည့် လူငယ်ရေးရာအကြောင်းအရာများစွာအား ပြောကြားခဲ့သည်။

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူ

**ညောင်ဦး ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ မြေစိုက်ပိုစတာများကို ယနေ့ နံနက် ၉ နာရီခွဲက လူစည်ကားရာနေရာများတွင် စိုက်ထူထားရှိသည်။

ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူများအားလုံးပါဝင်၍ ဆန္ဒမဲပေးနိုင်ရေးဆိုင်းဘုတ်တွင် ဒို့အတူတူ မဲပေးကြမယ် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဒို့အတူတူမဲပေးကြမယ် နှင့်ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ မြေစိုက်ပိုစတာများ စိုက်ထူခြင်းများကို ဆောင်ရွက်လျက်ရှိရာမှ ဒို့အတူတူမဲပေးကြမယ်နှင့် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ မြေစိုက်ပိုစတာများကို မဏ္ဍိစည်သူဈေးအဝိုင်းပတ်တွင်လည်းကောင်း၊ ညောင်ဦး-ကျောက်ပန်းတောင်းသွားကားလမ်းဘေးဝဲ၊ ယာတွင်လည်းကောင်း၊ ဘုရားနီလမ်းဆုံတွင်လည်းကောင်း၊ ပုဂံမြို့သစ်ဈေးကြီးရှေ့တွင်လည်းကောင်း၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ဝန်ထမ်းများက မြေစိုက်ပိုစတာဆိုင်းဘုတ်အား စိုက်ထူပေးခဲ့ကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ ၈၂လမ်း၊ ၁၄လမ်းနှင့် ၁၅လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃) ရပ်ကွက်၊ ၁၀၉လမ်းနှင့် ၆၁လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့်အစီအစဉ်များကို ဒီဇင်ဘာ ၁၀ ရက်တွင် အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၈၈ လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃ လမ်းထောင့်တို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဇေယျာဝတီ ကမ်းနားလမ်းတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉လမ်းထောင့်နှင့် နန်းရှေ့ဘောလုံးကွင်းထောင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလှံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဓာတ်ပုံ)(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ *ရှေ့ဖုံးမှ*

စည်းကမ်းကောင်းမွန်ပြီး ဒီမိုကရေစီပြည့်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်များ လိုအပ်ပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ကိုဖော်ဆောင်ရာမှာ အဂတိလိုက်စားမှုကင်းစင်ဖို့ လိုအပ်ပြီး အဂတိလိုက်စားမှုဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးအတွက် အဟန့်အတား ဖြစ်စေပါတယ်။ ဒ့ါကြောင့် အဂတိကင်းပြီး ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်တည်ဆောက်နိုင်မှသာ နိုင်ငံတော်ဟာ ဘက်ပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်လာပြီး အများပြည်သူရဲ့ လူမှုဘဝတွေဟာလည်း မျှမျှတတနဲ့ သာယာဝပြောလာမှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရေတို၊ ရေရှည်လုပ်ငန်း စီမံချက်တွေ ချမှတ်ဆောင်ရွက်ဖို့လိုအပ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ပြတ်ပြတ်သားသားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းဟာ အဂတိလိုက်စားမှုကို ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ခြင်းဖြစ်သလို အဂတိလိုက်စားမှုအပေါ် သည်းခံခွင့်လွှတ်ခြင်း၊ နားလည်မှုပေးခြင်း၊ လျစ်လျူရှုခြင်းတို့ဟာ အားပေးရာရောက်တဲ့အတွက် လုံးဝမပြုလုပ်ကြဖို့ လိုအပ်ပါတယ်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းက သတ်မှတ်ထားတဲ့ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဦးတည်ချက်ကတော့ **"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်၊ လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"** ဖြစ်ပါတယ်။ အဲဒီလို ဦးတည်ချက်နဲ့အညီ ကော်မရှင်အနေနဲ့ အနာဂတ်အတွက် အရေးပါတဲ့လူငယ်တွေကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းနဲ့ လူငယ်စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားပြီး အဂတိကင်းတဲ့ လူ့ဘောင်ဖြစ်လာအောင် စီစဉ်ဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း အသိပေးမှာကြားလိုပါတယ်။

ဖြောင့်မတ်တည်ကြည်မှုရှိခြင်းဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အဆောက်အအုံရဲ့ အရေးကြီးတဲ့မဏ္ဍိုင်တစ်ရပ် ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးဦး၊ လူ့အဖွဲ့အစည်းတစ်ရပ်ရပ်ရဲ့ စီးပွားရေးနဲ့ လူမှုရေးမှာ ယုံကြည်စိတ်ချရမှုနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေး၊ ကိုယ်စိတ်နှစ်ပါးချမ်းသာရေးနဲ့ သာယာဝပြောရေးတို့အတွက် ဖြောင့်မတ်တည်ကြည်မှုဟာ မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကို ထိရောက်မှုရှိစေဖို့အတွက် ဖြောင့်မတ်တည်ကြည်စွာ ဆောင်ရွက်မှုတွေကို အုပ်ချုပ်ရေးအပိုင်းမှာသာမက ဥပဒေပြုရေးနဲ့

**"အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးအတွက် ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှု ဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးတိုက်ဖျက်ရမှာဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့အထိ လိုအပ်တဲ့ ပြင်ဆင်မှု၊ စီမံမှု၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လည်း လိုပါတယ်"**

တရားစီရင်ရေးကဏ္ဍတွေအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်ချက်တွေကို အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းတွေမှာသာမက လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ ပုဂ္ဂလိက ကဏ္ဍကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးစီးပွားကို ကောင်းမြတ်တဲ့စိတ်စေတနာ၊ ဖြောင့်မတ်တည်ကြည်တဲ့ ကိုယ်ကျင့်တရားတို့နဲ့ ဆောင်ရွက်သွားစေနိုင်မှာ ဖြစ်ပါတယ်။

အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးအတွက် ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှုဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေး တိုက်ဖျက်ရမှာဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့အထိ လိုအပ်တဲ့ ပြင်ဆင်မှု၊ စီမံမှု၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လည်း လိုပါတယ်။

အထူးအားဖြင့် အဂတိလိုက်စားမှုတွေဟာ ဘယ်လိုအကြောင်းအချက်တွေကြောင့် ဖြစ်ပေါ်လာရတာလဲဆိုတဲ့ အဂတိလိုက်စားမှုကို လက်ယပ်ခေါ်နေတဲ့ အခြေခံအရင်းအမြစ်တွေမှန်သမျှ ဖယ်ထုတ်နိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ကြိုးစားတဲ့အခါမှာ ကိုင်တွယ်အသုံးပြုသူတွေက လိုအပ်သလို ဆွဲယူအသုံးချနိုင်တဲ့ ရှုပ်ထွေးပြီး လူအများ နားလည်ရခက်ခဲတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကို အများပြည်သူ လွယ်ကူရှင်းလင်းစွာ သိရှိနားလည်နိုင်တဲ့ ဖော်ပြချက်တွေနဲ့ ပြုပြင်ဖို့ ကိစ္စရပ်တွေလည်း ပါဝင်လာမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်တွေ ရေးဆွဲရာမှာ ထည့်သွင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မိမိတို့အစိုးရအနေနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် **"တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** ဆိုတဲ့ အမျိုးသားရေး ရည်မှန်းချက်နဲ့ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ဆိုတဲ့ နိုင်ငံရေး ရည်မှန်းချက်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီအနေနဲ့ **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင်းတသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** ဦးတည်ချက် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ဖို့အတွက် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့၊ ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိဖို့၊ လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်တွေမှာ ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေမှာ ဖြစ်ပွားတတ်တဲ့ ရွေးကောက်ပွဲဆိုင်ရာ မလျော်ကန်တဲ့လုပ်ရပ်များနဲ့ ဥပဒေနဲ့ဆန့်ကျင်တဲ့ အပြုအမူများ ရှောင်ရှားပြီး အဂတိတရားကင်းရှင်းစွာနဲ့ သမာသမတ်ကျကျ၊ တရားမျှတပြီး လွတ်လပ်တဲ့၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲဖြစ်စေဖို့ တာဝန်ရှိသူများနဲ့ ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လည်း မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ အသိပညာပေးရေးနဲ့ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တွေကိုပါ ဟန်ချက်ညီညီ ချဉ်းကပ်ပြီး အလေးထား ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတော်က ချမှတ်ထားတဲ့ ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှု ကျူးလွန်သည့် မည်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားဘဲ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒ့ါကြောင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ စပ်လျဉ်းတဲ့ အသိပညာတွေ တိုးပွားလာစေရေး၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိတဲ့ လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးတို့ကို အကောင်အထည်ဖော်ကြဖို့ လိုပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ အများအကျိုးဆောင်ရွက်ခြင်းနဲ့ ကိုယ်ကျိုးရှာခြင်းတို့အကြား မှန်ကန်စွာ ခွဲခြားနိုင်စေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေ မရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနဲ့ ပြည်သူလူထုအားလုံးက ပူးပေါင်းပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွေကို အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ ပြောကြားရင်း (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

- ❑ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်တွေ ချမှတ်ဆောင်ရွက်ဖို့လိုအပ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ပြတ်ပြတ်သားသားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်**
- ❑ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းဟာ အဂတိလိုက်စားမှုကို ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ခြင်းဖြစ်သလို အဂတိလိုက်စားမှုအပေါ် သည်းခံခွင့်လွှတ်ခြင်း၊ နားလည်မှုပေးခြင်း၊ လျစ်လျူရှုခြင်းတို့ဟာ အားပေးရာရောက်တဲ့အတွက် လုံးဝမပြုလုပ်ကြဖို့လို**

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ




အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၉

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင် လင်းဒွေး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူ များ၊ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက် ဖျက်ရေးဆိုင်ရာ ဗီဒီယို၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီး ချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

## Video Message ကို ပြသ

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်း အနားအတွက် ပေးပို့သည့် Video Message ကို ပြသသည်။

(နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် Video Message အား ရှေ့ဖုံးနှင့် စာ-၃ တွင် သီးခြားဖော်ပြထားပါသည်။ )

## ကြိုးပမ်းအကောင်အထည်ဖော်

ထို့နောက် အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေ ဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံး ညီညွတ်ရေး၊ တိုင်းပြည်သာယာဝပြောရေး နှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူအခြေပြု နည်းလမ်းများဖြင့် နိုင်ငံတော် ပြုပြင်ပြောင်းလဲရေး တည်ဆောက်ရေး လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း၊ ထိုသို့ ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် အခြားအခြား သော အနှောင့်အယှက်၊ အဖျက်အမှောင့်၊ အခက်အခဲများနှင့်အတူ အဂတိလိုက်စား မှုသည်လည်း အဓိကအဟန့်အတား တစ်ခုဖြစ်နေသည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း။

## မလျော်ဩဇာသုံးခြင်းလည်းပါဝင်

အဂတိလိုက်စားမှုများသည် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးနယ်ပယ် အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဆက်နွှယ် ဖြစ်ပွားလျက်ရှိကြောင်း၊ အဂတိလိုက်စား မှုဆိုရာတွင် နိုင်ငံတော်ဘဏ္ဍာ၊ ငွေကြေး နှင့်ပစ္စည်းများကို အလွဲသုံးစားပြုမှုသာ မဟုတ်ဘဲ လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြုခြင်း၊ မလျော်ဩဇာသုံး ခြင်းလည်း ပါဝင်ပါကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြသူများ အနေဖြင့် အဂတိကင်းစင်သည့် နိုင်ငံ တစ်နိုင်ငံဖြစ်လာစေရန်အတွက်ကိုယ်ကျင့် သိက္ခာမြှင့်တင်ရေးသည် မရှိမဖြစ်လိုအပ် ချက်ဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ် ကြောင်း၊ ထို့ကြောင့် အနာဂတ်မျှော်မှန်း ချက်များချမှတ်ပြီး မဟာဗျူဟာစီမံချက် တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် ရေးဆွဲ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ကို ခိုင်ခိုင်မာမာချမှတ်ထားရန်နှင့် အများ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ရည်မှန်းချက် များကို နီးကပ်နိုင်သမျှ နီးကပ်မှုရှိစေရေး ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း။

## ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်

အဂတိလိုက်စားမှုသည် ကိုယ်ကျင့် တရားဆိုင်ရာ အားနည်းချို့ယွင်းမှု၊ ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်သည် ဆိုသည်ကို ငယ်စဉ်ကတည်းက သိမြင် နားလည်ပြီး အဂတိလိုက်စားမှုပြုလုပ် ခြင်းသည် ရှက်ရွံ့စရာတစ်ခုဖြစ်ကြောင်း၊ အသိတရား ပြည့်ဝလာရန်အတွက် သွန်သင်ဆုံးမမှု၊ အသိပညာပေးမှုများ လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေ အရွယ်ကစပြီး လူငယ်လူရွယ်များကို အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရား ပျက်ယွင်းမှုအဖြစ် သိမြင်နားလည်ပြီး ထိန်းသိမ်းရှောင်ကြဉ်နေထိုင်ကြစေရန် အသိပညာပေးမှုများကို ပိုမိုကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားစဉ် အချိန်တွင် ကိုယ်ကျင့်တရားကောင်းမွန် ပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာတတ်သည့် အလေ့အထကောင်း များ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင် ပေးခြင်း၊ ကျောင်းသင်အတတ်ပညာများ သာမက စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန် ပြီး အသိပညာမြင့်မားရေး၊ တိုင်းချစ် ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်မြင့်မားရေးတို့ကို စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်း စသည်ဖြင့် စည်းကမ်းရှိသည့် ပညာတတ်လူသား အရင်းအမြစ်ကောင်းများကို မွေးထုတ် ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ် များ၊ ကောလိပ်များတွင် ဖြောင့်မတ် တည်ကြည်မှုဆိုင်ရာ ပညာပေးအစီအစဉ် များ၊ လူငယ်စကားဝိုင်းများကို ကော်မရှင် အနေဖြင့် အင်တိုက်အားတိုက် ကျင်းပ ပြုလုပ်နေသည်ကို တွေ့ရပြီး ပိုမိုတိုးတက် အောင် ဆောင်ရွက်သွားရန် မှာကြား လိုကြောင်း။

ကော်မရှင်အနေဖြင့် ဖြောင့်မတ် တည်ကြည်မှုဆိုင်ရာ ပညာပေးအစီအစဉ် များသာမက အစိုးရဌာနများတွင် အသေးစား အဂတိလိုက်စားမှုများ လျော့ပါးပျောက်ကွယ်စေရန်နှင့် ဌာန ဆိုင်ရာဝန်ဆောင်မှုများ ပိုမိုကောင်းမွန် စေရန် ရည်ရွယ်ချက်များနှင့် ပြည်ထောင်စု ဝန်ကြီးဌာန၊ အဖွဲ့အစည်းနှင့် တိုင်း ဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit - CPU) များ ဖွဲ့စည်းထားကြောင်း၊ ထို့ပြင် ပြည်သူများကို ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အကြံဉာဏ် များရယူသည့် ပြည်သူ့ထံမှ တုံ့ပြန်မှုရယူ ခြင်း အစီအစဉ် (PFP) ဆောင်ရွက်နေ သည်ကိုလည်း တွေ့ရှိရကြောင်း။

ထိုသို့ကောင်းမွန်သည့် ရည်ရွယ်ချက် ဖြင့် လုပ်ဆောင်မှုများသည် ဖြောင့်မတ် တည်ကြည်မှုနှင့် တရားမျှတမှုတို့ လွှမ်းခြုံ နေသည့် အနာဂတ်ကို တည်ဆောက်ရာ တွင် တစ်ဖက်တစ်လမ်းက အထောက် အကူပြုသည့်အတွက် လူသားတိုင်းခံစား ရရှိနိုင်မည့် အခွင့်အရေးများကို လက်လှမ်း မီစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာ သန်စွမ်းသည့် လူနေမှုဘဝကို ပိုင်ဆိုင် စေနိုင်မည်ဖြစ်ကြောင်း။

## အောင်မြင်စွာ အကောင်အထည်ဖော်

ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အစီ အစဉ်တွင်ပါရှိသည့် ရည်မှန်းချက်ပန်းတိုင် (၁၇)ခုထဲက ပန်းတိုင် (၁၆) ကိုအခြေခံပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံ ကိန်း MSDP မဟာဗျူဟာ ၁-၄ တွင် “ကောင်းမွန်သော အုပ်ချုပ်မှု၊ တာဝန်ယူ မှု/ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု မြင့်တင်ရေး” ကို ရေးဆွဲထားကြောင်း၊ ထိုသို့ရေးဆွဲချမှတ်ထားသည့် မဟာ ဗျူဟာနှင့်အညီ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကို ပိုမိုခိုင်မာအားကောင်းစေပြီး အဂတိ လိုက်စားမှုကင်းစင်သည့် အခြေခံ အုတ်မြစ်ပေါ်တွင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တစ်ဦးတစ်ယောက် ကစပြီး ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်လာစေ ရန်နှင့် အဂတိလိုက်စားမှုကို လက်မခံ သော ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီး ဖော်ဆောင်နိုင်စေရေးဦးတည်ဆောင်ရွက် ရန် လိုအပ်ကြောင်း၊ ကော်မရှင်အနေဖြင့် လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် အဂတိ လိုက်စားမှုကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ထိခိုက်မှု မရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေး ကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာပြီး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပိုမို တိုးမြှင့်ဆောင်ရွက်သွားရန် မှာကြားလို ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက် ရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အရေးပါသည့် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ ဝန်ထမ်းများသာမက ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားသည်။

## ဂါရဝပြုပေးအပ်

ယင်းနောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးအား အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်တံဆိပ် အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူ များကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

## ပေးအပ်ချီးမြှင့်

ထို့နောက်ပြည်ထောင်စုတရားသူကြီး ချုပ် ဦးသာဌေးက အဂတိလိုက်စားမှုတိုက် ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ ပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပန်းချီပြိုင်ပွဲတွင် အသက် အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြု ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြ သည်။ *စာမျက်နှာ ၅ သို့*



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာပြိုင်ပွဲ အသက်အုပ်စုအလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၄ မှ

### ရှင်းလင်းတင်ပြ

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမဆုရရှိခဲ့သည့် ဗီဒီယိုများကိုပြသပြီး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် အမှုဆောင်ချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တစ်နှစ်တာဆောင်ရွက်မှု Video Clip ကို ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ဖြောင့်မတ်တည်ကြည်မှု၊ စုံစမ်းစစ်ဆေးခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် စာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။

### ဦးတည်ချက်ဖြင့် ကျင်းပခြင်းဖြစ်

ယခုနှစ် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ကို "ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်၊ လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့" (Uniting with Youth against Corruption: Shaping Tomorrow's Integrity) ဦးတည်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်လင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်လုံမြို့ ကွက်သစ်မှ ဝမ်အင်ဘုန်းတော်ကြီးကျောင်းသို့ ဆက်သွယ်ထားသည့် ကျောက်ချောလမ်းပေါ်၌ ၂၈၆၈ ပေ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ရန်မှာကြားပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပင်လုံမြို့ရှိ လွိုင်လင်-လဲချား လမ်းမကြီးမှ မေတ္တာအေးရိပ်ဘုန်းတော်ကြီးသင် ပရဟိတ ပညာရေးကျောင်းသို့ ဆက်သွယ်ထားရှိသည့် ကျောက်ချောလမ်း တစ်မိုင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ပင်လုံမြို့ ကျက်သရေဆောင် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသည့် စေတီတော် ရင်ပြင်ပတ်လမ်း



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဟိုပုံးမြို့နယ် ဖွေ့ရေခေါက်-ဒုံလိတန်ကျေးရွာချင်းဆက် ၁၂ မိုင် ၂ ဖာလုံအနက် ၄ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

ကြွေပြားအသစ် လဲလှယ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လုံ)၌ သင်တန်းကျောင်း ကျောင်းအုပ်၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ်လေ့လာသင်ယူသွားကြရန်၊ အတတ်ပညာများအပြင် ပြင်ပဗဟုသုတများကို လေ့လာဆည်းပူး၍ အသိပညာများ ဖွံ့ဖြိုးတိုးတက်အောင် အမှန်နှင့်အမှား ကွဲပြားစွာ ဝေဖန်ပိုင်းခြားနိုင်သော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်၊ ဆရာ ဆရာမများနှင့် နည်းပြများအနေဖြင့် ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များအပြင် အတွေးအခေါ်၊ အသိအမြင်နှင့် အယူအဆကောင်းများ၊ ဗလငါးတန်နှင့်ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်အောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန် မှာကြားကာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လှူရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ဟိုပုံးမြို့နယ် ဖွေ့ရေခေါက်-ဒုံလိတန် ကျေးရွာချင်းဆက် ကျောက်ချောလမ်း ၁၂ မိုင် ၂ ဖာလုံအနက် ၄ ဖာလုံ ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ကလေးများ အတန်းပညာ သင်ကြားနေမှုနှင့် ကျောင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

### လိုအပ်ချက်များကို ဖြည့်ဆည်းပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူငယ်သင်တန်းကျောင်းရှိ ကလေးများ မူလတန်းပညာရေး သင်ကြားနေမှုကိုလည်းကောင်း၊ လူငယ်သင်တန်းကျောင်း ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသားအိပ်ဆောင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး(အပေါ်ပုံ) ကျောင်းသားများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး စကားပြောကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် သင်တန်းကျောင်းအတွင်း ကျောင်းသားများအတွက် တစ်ပိုင်တစ်နိုင် စိုက်ခင်းများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် အီလက်ထရောနစ်သင်တန်း တက်ရောက်နေသော သင်တန်းသားများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး သင်တန်းကျောင်းရှိ တံဆိပ်ရိုက်သင်တန်းခန်း၊ စက်ချုပ်သင်တန်းခန်း၊ ကွန်ပျူတာခန်းနှင့် ဆံသသင်တန်းခန်းများကို ကြည့်ရှုစစ်ဆေးသည်။

### အကျိုးရှိအောင်သင်ကြား

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ကျောင်းအုပ်ကြီးက သင်တန်းကျောင်းတွင် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည့် အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းမှ သင်ကြားပေးသော သင်တန်းများကို မသန်စွမ်းသူများအတွက် အကျိုးရှိအောင် သင်ကြားနိုင်ရေး၊ ရပ်ရွာအတွင်းတွင် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ သင်တန်းတက်ရောက်ပြီးသူများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအပါအဝင် လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၁၈
ရက်
သာ လိုတော့သည်။

◌ စာမျက်နှာ ၂၄ မှ

ရိုးရာခြင်းလုံး အမျိုးသမီးပြိုင်ပွဲ အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲ တွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအိုအသင်းတို့ ယှဉ်ပြိုင်ခတ်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၃၉၄ မှတ်၊ လာအိုအသင်းက ရမှတ် ၃၁၇ မှတ်၊ မြန်မာအသင်းက ရမှတ် ၄၆၁ မှတ်၊ မလေးရှားအသင်းက ရမှတ် ၁၁၈ မှတ် ရရှိခဲ့သည့်အတွက် မြန်မာအမျိုးသမီး အသင်းအနေဖြင့် ရမှတ်အများဆုံး ရရှိထားပြီး ဖြစ်သည်။

ရိုးရာခြင်းလုံး အမျိုးသားပြိုင်ပွဲ အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအိုနှင့် အရှေ့တီမော အသင်းတို့ ယှဉ်ပြိုင်ခတ်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၅၈၁ မှတ်၊ လာအိုအသင်းက ရမှတ် ၄၁၀ မှတ်၊ မြန်မာအသင်းက ရမှတ် ၅၄၅ မှတ်၊ မလေးရှားအသင်း က ရမှတ် ၁၆၇ မှတ်နှင့် အရှေ့တီမောအသင်းက ရမှတ် ၆၈ မှတ်တို့ အသီးသီး ရရှိခဲ့သည့်အတွက် မြန်မာအမျိုးသားအသင်းအနေဖြင့် ရမှတ်အများဆုံး ရရှိထားပြီးဖြစ်သည်။




မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် မြန်မာခြင်းလုံးအဖွဲ့မှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ အား နောက်ထပ်ယှဉ်ပြိုင်မည့် ပြိုင်ပွဲ ပွဲစဉ်တွင် ယခုထက်ပိုမိုကောင်းမွန်သည့် ရမှတ်များရရှိအောင် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားရန် အားပေးစကား ပြောကြားပြီး ရမှတ်အများဆုံး ရရှိထားသည့် မြန်မာခြင်းလုံးအဖွဲ့မှ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းမှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့အတူ ခရစ်ကတ် T10 အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဘန်ကောက်မြို့ရှိ TredThai Cricket Grounds, Asian Institute of Technology ၌ ကျင်းပခဲ့ရာ T10 အမျိုးသမီးပြိုင်ပွဲ ပထမနေ့ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ 10 Overs တွင် ဘောလုံးရိုက်ချက်ပေါင်း ရမှတ် ၉၉ မှတ် ရိုက်နိုင်ခဲ့ပြီး ဖိလစ်ပိုင်အသင်းမှ 10 Overs ပြန်ရိုက်ခဲ့ရာတွင် ရမှတ် ၅၉ မှတ်သာ ရိုက်နိုင်ခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ရမှတ် ၄၀ မှတ်အသာဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

တတိယအကြိမ် မြန်မာ - ရုရှား ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်နှင့် ကော်မတီဝင် မြန်မာ့တပ်မတော်မှ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားတပ်မတော် ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့်ကော်မတီဝင် ရုရှားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တတိယအကြိမ် မြန်မာ - ရုရှား အကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်က ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့ပြီး နှစ်နိုင်ငံ ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေး ကော်မတီအစည်းအဝေး အပြန်အလှန် အလှည့်ကျကျင်းပပြုလုပ်သွားခြင်းဖြင့် တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍတွင် သတင်းအချက်အလက် စီးဆင်းမှုကို လျင်မြန်စွာ ဆောင်ရွက်နိုင်လာခြင်း၊ နည်းပညာဆိုင်ရာကိစ္စရပ်များ ပိုမိုပူးပေါင်းလုပ်ဆောင်လာနိုင်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လေ့ကျင့်ခန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း





အပြင် ပုံသဏ္ဌာန်ပြောင်းလဲလာသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အပြန်အလှန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တတိယအကြိမ် မြန်မာ - ရုရှား အကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov က ရုရှား၊ မြန်မာနှစ်နိုင်ငံအကြား ဒေသတွင်း တည်ငြိမ်အေးချမ်းမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးနယ်ပယ်တွင် တုံ့ပြန်မှုများ လျင်မြန်စွာပြုလုပ်နိုင်ရေးဆိုင်ရာ နည်းလမ်းများအား သတ်မှတ်ခေါင်းစဉ်များအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် နှစ်နိုင်ငံ ပူးတွဲကော်မတီဥက္ကဋ္ဌများက ပြန်လည်သုံးသပ်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

⁜ စာမျက်နှာ ၂၄ မှ

ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် (၇)ကြိမ်မြောက် လက်ခံယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်သည်။ ထိုင်းနိုင်ငံ၌ ယခုအကြိမ် ကျင်းပမှုမှာ ၂၀၀၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို ထိုင်းဘုရင် မဟာဝဇီရာလောင်ကွန်းနှင့် မိဖုရား ဆုသီဒါတို့ တက်ရောက်ဖွင့်လှစ်ခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲသည် ရွှေတံဆိပ်ဆုများ ရယူရန်သာမက အရှေ့တောင်အာရှနိုင်ငံများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို ခိုင်မာအားကောင်းစေသည့် အားကစားချစ်ကြည်ရေး တံတားတစ်စင်းလည်းဖြစ်သည်။ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည့် ဆီးဂိမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်လည်းဖြစ်သည်။ ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်ထိုင်းနိုင်ငံက အားကစားသမား ၁၅၃၅ ဦးဖြင့် အများဆုံးယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲကို အားကစားနည်း ၅၀ တွင် အားကစားသမားထောင်ပေါင်းများစွာက ရွှေတံဆိပ်ဆွတ်ခူးရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို ၁၉၅၉ ခုနှစ်က စတင်ကျင်းပခဲ့ကာ ယခုဆိုလျှင် (၃၃)ကြိမ်မြောက်အထိ ရှိလာပြီဖြစ်သည်။ ထိုစဉ်ကလည်း ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အားကစားနည်း ၁၂ မျိုးဖြင့် ၁၉၅၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် (၃၂)ကြိမ်မြောက် ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲအထိ စုစုပေါင်း ရွှေတံဆိပ် အများဆုံးရရှိမှုစာရင်းတွင် ထိုင်းနိုင်ငံက ရွှေတံဆိပ် ၂၄၅၃ ခုဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ယင်းနောက်တွင် အင်ဒိုနီးရှားနိုင်ငံက ၁၉၈၂ ခု၊ မလေးရှားနိုင်ငံက ၁၃၇၆ ခု၊ ဗီယက်နမ်နိုင်ငံက ၁၂၆၉ ခု၊ ဖိလစ်ပိုင်နိုင်ငံက ၁၁၈၀ ခု၊ စင်ကာပူနိုင်ငံက ၁၀၄၅ ခု၊ မြန်မာနိုင်ငံက ၅၉၄ ခု၊ ကမ္ဘောဒီးယားနိုင်ငံက ၁၅၉ ခု၊ လာအိုနိုင်ငံက ၇၇ ခု၊ ဘရူနိုင်းနိုင်ငံက ၁၇ ခုနှင့် တီမောလက်စ်တေနိုင်ငံက ၃ ခုဖြင့် အသီးသီးရပ်တည်နေသည်။

ဇော်ဇော်

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးငလျင်ကြီးကြောင့် တံတားဦးမြို့နယ်အတွင်း ထိခိုက်ပျက်စီးခဲ့သော နေအိမ်များအတွက် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ






**မန္တလေး ဒီဇင်ဘာ ၉**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးခဲ့သည့် နေအိမ်များနှင့် တိုက်ခံအိမ်များအတွက် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ လူသေဆုံးသူများ၏ မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိသည်။

တံတားဦးခရိုင်၊ မြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများ၊ အိမ်ရာများ၊ နေအိမ်အဆောက်အဦများ၊ ဘုရားစေတီများ၊ သာသနိကအဆောက်အဦများ၊ လမ်းတံတားများ ထိခိုက်ပျက်စီးခြင်း၊ လူသေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်နေအိမ်များအတွက် ထောက်ပံ့ငွေများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တံတားဦးမြို့နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ငလျင်ဘေးသင့်ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ငလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားတို့ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များ ပြန်လည်ဆောက်လုပ်ပြုပြင်နိုင်ရေးအတွက် နေအိမ်အမျိုးအစားအလိုက် ပျက်စီးမှုအလိုက်(လုံး၀၊တစ်စိတ်တစ်ပိုင်း)ခွဲခြားပြီး အိမ်တစ်လုံးချင်းစီအတွက် သတ်မှတ်ထားသည့် ထောက်ပံ့နှုန်းထားအတိုင်း ငွေသား၊ အိမ်ဆောက်ပစ္စည်းတို့ဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပါကြောင်းနှင့် ပြန်လည်တည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်အောင် ထည့်သွင်းစဉ်းစားပြီး အဆောက်အဦတည်ဆောက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ငလျင်ဒဏ်ခံအဆောက်အဦများအတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများကို လိုက်နာပြီး တည်ဆောက်သွားရန်လည်း လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် တိုင်းဒေသကြီးအတွင်းမှ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် ထောက်ပံ့ငွေများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို ပြည်သူများအား ပေးအပ်ခဲ့ရာ ယနေ့အခမ်းအနား၌ ဝါးထရံကာအိမ်၊ တစ်ထပ်ပျဉ်ထောင်အိမ်၊ နှစ်ထပ်ပျဉ်ထောင်အိမ်၊ တိုက်ခံအိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီး (၄၁၃)လုံး၊ လုံးဝပျက်စီး (၂၇၂)လုံး စုစုပေါင်း (၆၈၅)လုံး အတွက် ထောက်ပံ့ငွေကျပ်(၄၀၉၉၃ ဒသမ ၂၄၇)သန်း၊ အမိုးသွပ်(၁၆၀၀၀)ချပ်၊ ဘိလပ်မြေအိတ် (၅၈၈၀)အိတ်၊ သံချောင်းလုံး (၁၈၇ ဒသမ ၇၄၄)တန်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် ငလျင်ဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည်ငလျင်ဘေးသင့် ပြည်သူများကို အားပေးစကားများ ပြောကြား၍ ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။**(မန္တလေးနေ့စဉ်)**












# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အင်းဝမြို့ဟောင်းရှိ မောင်အိုအုတ်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး



**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက တံတားဦးခရိုင် အမရပူရမြို့နယ် အင်းဝမြို့ဟောင်းရှိ မဟာဗေယျပထ မောင်အိုတံတားနှင့် အုတ်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူများက မောင်အိုအုတ်လမ်းမှာ အရှည် ၂၆၇၆ ပေ၊ အကျယ် ၂၁ ပေရှိပြီး မြစ်သာအင်း မရောက်ခင် အခန်းပေါင်း(၁၇)ခန်းနှင့် မြစ်သာအင်းကျော်ပြီး အခန်းပေါင်း (၄၂)ခန်းရှိကြောင်း၊ အုတ်လက်ရန်းမှ ၃ ပေမှ ၄ ပေ ၆ လက်မ အနက်ထိ အုတ်ကြမ်းခင်းပေါ်အောင် တူးထုတ်ဖယ်ရှားထားမှု၊ မူလအုတ်ကြမ်းခင်းပေါ်တွင် ကတ္တရာကွန်ကရစ် Regulation Course ၄ လက်မထုနှင့် Wearing Course ၃ လက်မထု ခင်းကြိတ်ဆောင်ရွက်ထားမှု၊ မောင်အိုအုတ်လမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် လမ်းမျက်နှာပြင်မှ ၃ ပေအနက် တူးထုတ်ထားပြီး ၂ ပေ x ၂ ပေ ရေမြောင်းဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရန် အလေးထားကြပ်မတ်ဆောင်ရွက်သွားရေးနှင့် သက်ဆိုင်ရာဌာနများမှလည်း လိုအပ်သည့်ကဏ္ဍများ၌ ပါဝင်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အင်းဝမြို့ဟောင်းရှိ လောကသရဖူစေတီတော်ကြီးသို့ ရောက်ရှိပြီး လောကသရဖူဘုရားကြီးအား ဖူးမြော်ကြည်ညို၍ လိုက်လံကြည့်ရှုကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေး ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်




**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှ ခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်က နည်းမျိုးစုံကြိုးပမ်း ဆောင်ရွက်နေလျက်ရှိပါကြောင်း၊ လျှပ်စစ်သုံးစွဲသူပြည်သူများ အဆင်ပြေစေရန်အတွက် အုပ်စုများခွဲ၍ အချိန်အပိုင်းအခြားအလိုက် ခွဲဝေဖြန့်ဖြူးပေးလျက်ရှိရာ တိုင်းဒေသကြီးအတွင်း ပြည်သူများ၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆည်တော်ကြီးရေလှောင်တမံရှိ ရေအားလျှပ်စစ်စက်ရုံအား ပုံမှန်အတိုင်း စွမ်းအားပြည့်လည်ပတ်နိုင်ရန် ဆောင်ရွက်နေပါကြောင်းနှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် မန္တလေးလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှ ခေတ္တဥက္ကဋ္ဌ ဦးတင်အောင်က မန္တလေးလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင်တင်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံအရာရှိများ၊ ပထမနှစ်သင်တန်း ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဂုဏ်ပြုသီချင်းနှင့် နှစ်ပတ်လည် ဂုဏ်ပြုသီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဌာနမှူးများ၊ စီမံအရာရှိများနှင့် မောင်မယ်သစ်လွင်ကျောင်းသား၊ ကျောင်းသူများအား မိတ်ဆက်ပေးပြီး ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်သင်တန်းရေးရာဌာန ဌာနမှူး ဒေါ်အေးအေးသန့်က တက္ကသိုလ်ဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များ၊ ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာဆောင်ရွက်ရမည့် သင်တန်းရေးရာကိစ္စရပ်များနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မောင်မယ်သစ်လွင် ကျောင်းသား၊ ကျောင်းသူများအား အထူးပြုဘာသာစကားဌာနများမှ ပါမောက္ခ(ဌာနမှူး)များကိုယ်စား မြန်မာဘာသာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်မာထူးက အထူးပြုဘာသာရပ်များအကြောင်း၊ အထောက်အကူပြုဘာသာရပ်များမှ ပါမောက္ခ (ဌာနမှူး)များကိုယ်စား သမိုင်းဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာလှလှမွန်က အထောက်အကူပြုဘာသာရပ်များအကြောင်းတို့ကို မိတ်ဆက်ပြောကြားခဲ့သည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သည် မြန်မာနိုင်ငံရှိ နိုင်ငံခြားဘာသာတက္ကသိုလ်နှစ်ခုအနက် တစ်ခုဖြစ်ပြီး အချိန်ပြည့်၊ အချိန်ပိုင်း ဘွဲ့သင်တန်းများ၊ ဒီပလိုမာသင်တန်းများ၊ မဟာဝိဇ္ဇာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ ကိုရီးယား၊ ဂျာမန်၊ ရုရှား၊ ထိုင်းဘာသာရပ်များ၊ စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်ဘာသာစကား (English For Business Purposes-EBP)အပြင် နိုင်ငံတကာကျောင်းသားများကို မြန်မာဘာသာရပ်ကိုလည်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၇/၂၀၂၅)

၁။ လူသားအားလုံး၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လုံခြုံခွင့် စသည့် အခြေခံအခွင့်အရေးများပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ယင်းနေ့ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့တွင် (၇၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှ မြစ်ဖျားခံလာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် လူသားအားလုံးအတွက် အဓိကအကျဆုံး ကြေညာစာတမ်းဖြစ်ပါသည်။ လူသားများ၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိမှုကို အသိအမှတ်ပြုထားသော ယင်းကြေညာစာတမ်းကို ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မဲခွဲရာတွင် မြန်မာနိုင်ငံက ပါဝင်ထောက်ခံမဲ ပေးခဲ့ရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း ကြေညာစာတမ်းပါ အခွင့်အရေးများကို ထင်ဟပ်ပြဋ္ဌာန်းထားပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အခြေပြု၍ ပေါ်ပေါက်လာသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေများကို အလေးထားသည့်အနေဖြင့် မြန်မာနိုင်ငံကလည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ် (၄) ခုနှင့် နောက်ဆက်တွဲစာချုပ် (၂) ခုတွင် ပါဝင်ချုပ်ဆိုထားပါသည်။ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်(UPR) တွင်လည်း မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၅ ခုနှစ် အတွင်း နိုင်ငံတကာနှင့်ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက် အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF)၏ နှစ်ပတ်လည်အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်ခဲ့ပါသည်။ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်းသော (၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့ အသုံးချညီလာခံသို့လည်း ကိုယ်တိုင်ပါဝင်တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့အကြား လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးကဏ္ဍများတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memorandum of Cooperation) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ပြင် အခြားနိုင်ငံတကာအစည်းအဝေးများသို့ Online platform မှ (၁၂) ကြိမ် တက်ရောက်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များအနေဖြင့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်း များနှင့် ပူးပေါင်း၍ လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ များ၊ သင်ခန်းစာပို့ချခြင်းများ ပြုလုပ်ခဲ့ပြီး သင်တန်းသားပေါင်း (၇၂၉၀)ဦးကို အသိပညာမျှဝေပေးခဲ့ပါသည်။ ကော်မရှင်၏ဥပဒေဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် အဆိုပြုဥပဒေကြမ်း (၅)ခုအပေါ် လူ့အခွင့် အရေးဆိုင်ရာအကြံပြုချက်များ ပေးပို့ခဲ့ပါသည်။ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRPD) နှင့် နောက်ဆက်တွဲ စာချုပ် (CRPD – OP)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှု ပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ် (CEDAW– OP) တို့ကို ဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် "မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်" အကြောင်း သရုပ်ဖော်ပုံစာအုပ်အား မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ရုရှား ဘာသာတို့ဖြင့် ဘာသာပြန်ဆိုပုံနှိပ်၍ ပြည်တွင်းသာမက နိုင်ငံတကာ အစည်းအဝေးများတွင်လည်း ဖြန့်ဝေခဲ့ပါသည်။

၆။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာနှင့် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၊ လူငယ်သင်တန်းကျောင်းများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကြည့်ရှုစစ်ဆေးရာတွင် ခွဲခြားဆက်ဆံမှု မရှိစေရေး၊ ဘာသာအလိုက် ကိုးကွယ်ခွင့်၊ သင့်တင့်သောကျန်းမာရေး စောင့်ရှောက်မှု ရရှိခွင့်၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိခွင့်၊ နိုင်ငံတော်မှ တရားဝင်ခွင့်ပြုထားသောအခွင့်အရေးနှင့် အထောက်အပံ့များကို သတ်မှတ်ချက်နှင့်အညီရရှိခွင့် စသည့်အခြေခံ အခွင့်အရေးများရရှိခြင်း ရှိ မရှိ စစ်ဆေးပြီး လိုအပ်သည့်အကြံပြုချက် များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့လျက်ရှိပါသည်။ ကော်မရှင်၏ အကြံပြုချက်များကို သက်ဆိုင်ရာဌာနအသီးသီးကလည်း ပူးပေါင်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တွင် ဥပဒေက ပေးအပ်ထားသော နိုင်ငံသားတစ်ဦး၏ အခွင့်အရေးရရှိ စေရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေ ရေးတို့အတွက် ကော်မရှင်မှ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ် များကို သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွား မည် ဖြစ်ပါသည်။

၈။ (၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂမှ ချမှတ်ထားသည့် ဆောင်ပုဒ်မှာ **"Our Everyday Essentials"** ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံးကလည်း နေ့စဉ်ဘဝတွင် မရှိမဖြစ်လိုအပ်သည့် လူ့အခွင့်အရေးများကို လေးစား လိုက်နာကြပါရန် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခါသမယတွင် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ဆောင်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ထပ်မံတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင် လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများ အတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက် အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ နှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံ ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ - မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစား မှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက် အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ရှစ်လုံး၊ စုစုပေါင်း တရား မဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီး ခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၅၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။



မြဝတီမြို့နှင့်အနီးဝန်းကျင်ရှိ တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် အဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

ထို့ပြင် KK Park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါနယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများ ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်း ချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင် ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် နိုင်ငံပေါင်း ခြောက်နိုင်ငံမှ တရားမဝင်ပြည်ပနိုင်ငံသား ၁၂၃ ဦး တို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ် ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင်ပြည်ပနိုင်ငံသား များကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေး နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရှိရ သည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်း ကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင် ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံ ရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင် သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရှာဖွေ စစ်ဆေးခဲ့သည့် အဆောက်အအုံ ၁၂၁ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံးကို စစ်ဆေး တွေ့ရှိခဲ့ပြီး အဆိုပါအဆောက်အအုံများအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၇၀၈ လုံးကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ် ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၉

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၄၀)ရပ်ကွက်နေ ကျော်မင်းဦး (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “Kyaw Min Oo” Facebook အကောင့်ဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား အများပြည်သူ အထင်အမြင် လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာ၌ Live လွှင့်ပြောကြားခဲ့သဖြင့် ဖော်ထုတ်ဖမ်းဆီးပြီး ကျော်မင်းဦး အား ဒီဇင်ဘာ ၂ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း (ပ)၈၄၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း။

ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အစုကြီးကျေးရွာဘုရားလမ်းထိပ်၌ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား အဆိုပါကျေးရွာနေ သန်းကြိုင်စိုး(ခ)ကိုပု (၃၉)နှစ်က ဖျက်ဆီးခဲ့သဖြင့် သန်းကြိုင်စိုး(ခ)ကိုပုအား ဒီဇင်ဘာ ၅ ရက်တွင် တက်သစ်နယ်မြေရဲစခန်း (ပ)၈၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

ဒီဇင်ဘာ ၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဓ)ရပ်ကွက် သုခမ္မလမ်းမကြီးနှင့် ဥဇ္ဇနာလမ်းထောင့်၌ တစ်သီးပုဂ္ဂလပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူအား စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါရပ်ကွက်နေ အောင်မျိုးဇော်(ခ)မျောက်ကြီး (၃၅)နှစ် ဖြစ်ကြောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ဒီဇင်ဘာ ၅ ရက်တွင် မြောက်ဥက္ကလာပမြို့မရဲစခန်း (ပ)၄၄၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲတွင် ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်မြိုင် (၅၉)နှစ်သည် နေအိမ်၌ ရှိနေစဉ် KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ဝင် သုံးဦးမှ ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်တားမြစ်ခဲ့သဖြင့် ၎င်းသောင်းကျန်းသူ (စိစစ်ဆဲ) သုံးဦးအား ဒီဇင်ဘာ ၁ ရက်တွင် ရွှေကူမြို့မရဲစခန်း (ပ)၁၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၃၀ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား “Thandar Oo” Facebook အကောင့်မှ ပြန်လည်မျှဝေ လွှင့်တင်ထားသည်ကို တွေ့ရှိရသဖြင့် ၎င်းအကောင့်ပိုင်ရှင်အား စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နေ ဒေါ်သန္တာဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား နိုဝင်ဘာ ၃၀ ရက်တွင် တာမွေမြို့မရဲစခန်း (ပ)၃၆၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၂၅ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ကံသာရပ်ကွက် တိန်နန်းတံတားအနီး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား ဒီဇင်ဘာ ၃ ရက်တွင် ညောင်ရွှေမြို့မရဲစခန်း (ပ)၁၁၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အောင်ပင်သာကျေးရွာ ပေါင်းတည်-တာပွန် သွားကားလမ်းဘေး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ကျူးလွန်သူအား စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါကျေးရွာနေ မင်းဇော်သိန်း (၄၂)နှစ် ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား တာပွန်နယ်မြေရဲစခန်း (ပ)၈၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ) ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၇ ရက် ည ၁၁ နာရီ ၅ မိနစ်တွင် ကချင်ပြည်နယ် ဟိုပင်မြို့ ခုနစ်မိုင်ကျေးရွာနေ ရပ်/ကျေးစာရေး ဒေါ်မိုးမိုးအောင်(ခ)မမိုး (၆၁)နှစ်သည် နေအိမ်၌ရှိနေစဉ် သေနတ်ကိုင်ဆောင်ထားသူ အမျိုးသား လေးဦး(စိစစ်ဆဲ)ရောက်ရှိလာပြီး မဲစာရင်းစာရွက်ထုပ်အား ခြိမ်းခြောက်တောင်းယူ၍ ဖမ်းဆီးခေါ်ဆောင်သွားကာ တောတွင်းအရောက်၌ မဲစာရင်းများအား မီးရှို့ဖျက်ဆီးပြီး ၎င်းအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား မပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါ အမျိုးသား လေးဦး(စိစစ်ဆဲ)အား ဒီဇင်ဘာ ၇ ရက်တွင် ဟိုပင်နယ်မြေရဲစခန်း (ပ)၄၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(ခ) ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက် လမ်း ၃၀ နှင့် ၇၁ လမ်းထောင့်၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်း (ပ)၁၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၃၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လွဇာကျေးရွာ ရွာလယ်လမ်းဆုံ၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား ဒီဇင်ဘာ ၁ ရက်တွင် ပြင်စလူနယ်မြေရဲစခန်း (ပ)၅၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၃၀ ရက်တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တခွက်ဖိုးကျေးရွာ ရွာလယ်ဘုန်းကြီးကျောင်းအနီး ဘားအံ-မြိုင်ကြီးငူသွားကားလမ်းဘေး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား ဒီဇင်ဘာ ၂ ရက်တွင် ရွှေဂွန်းနယ်မြေရဲစခန်း (ပ)၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

ဒီဇင်ဘာ ၂ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အများပြည်သူအထင်အမြင် လွဲမှားစေရန် ရေးသားထားသည့် စာသားများအား “ထိန်လင်း” Facebook အကောင့်မှ ပြန်လည်မျှဝေလွှင့်တင်ထားသည်ကို တွေ့ရှိရသဖြင့် ၎င်းအကောင့်ပိုင်ရှင်အား စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက်နေ ထိန်လင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဒီဇင်ဘာ ၂ ရက်တွင် ဗိုလ်တထောင်မြို့မရဲစခန်း (ပ)၆၉၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

ဒီဇင်ဘာ ၃ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအနောက်ရပ်ကွက် ၂၉ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား၌ ဆန့်ကျင်စာများ ကြဲချခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တေဇာဆန်း၊ ခန့်ဝေဖြိုး၊ နန်းလင်း၊ ထက်မြတ်အောင်၊ မချီ (ခ) ချီချီ၊ မရွှန်း (ခ) ရွှန်းရွှန်းနှင့် အမျိုးသား လေးဦး(စိစစ်ဆဲ)တို့သည် ၂၉ လမ်းအတိုင်း ဆိုင်ကယ် ငါးစီးဖြင့် ရောက်ရှိလာပြီး ၂၉ လမ်းနှင့် ၈၄ လမ်းထောင့်အရောက်၌ ၈၄ လမ်းနှင့် ၈၅ လမ်းကြားအတွင်း လမ်းလျှောက်သွားကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား အများပြည်သူအထင်အမြင် လွဲမှားစေရန် အော်ဟစ်ကာ ရွေးကောက်ပွဲအား ဆန့်ကျင်ရေးသားထားသည့် စာရွက်များအား ကြဲချခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တေဇာဆန်းပါ ၁၀ ဦးတို့အား ဒီဇင်ဘာ ၃ ရက်တွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၆) နယ်မြေရဲစခန်း(ပ)၇၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ)ဖြင့်လည်းကောင်း။

ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၆) ရပ်ကွက် ကုန်သည်လမ်းနှင့် ၂၉ လမ်းထောင့်၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ) အား ဒီဇင်ဘာ ၇ ရက်တွင် ပန်းဘဲတန်းမြို့မရဲစခန်း (ပ)၁၀၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အင်းခေါင်းကျေးရွာ၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား ဒီဇင်ဘာ ၅ ရက်တွင် ဟဲဟိုးနယ်မြေရဲစခန်း (ပ)၆၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ထိရောက်စွာ ဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “ပတ္တမြားခင်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နေ မြင့်မြင့်စန်းအား ညနေ ၅ နာရီ ၅ မိနစ်တွင် ချမ်းအေးသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပင်လောင်းမြို့နယ်၌ ပွင့်ဖူးဆဲဘိန်းခင်းများ ဆက်လက်ဖျက်ဆီး

ပင်လောင်း ဒီဇင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် စင်တောင်းကျေးရွာအုပ်စု ပင်သလဲကျေးရွာမြောက်ဘက် သုံးမိုင်ခန့်အကွာရှိ ပွင့်ဖူးဆဲဘိန်းခင်းများကို ယမန်နေ့နံနက် ၈ နာရီခွဲမှ မွန်းလွဲပိုင်းအထိ စုပေါင်းဖျက်ဆီးဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖူးဆဲဘိန်းခင်းများကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းဦး ဦးစီး၍ ပူးပေါင်းအဖွဲ့ဖြင့် အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၃၅ ဧကနှင့် ပင်သလဲကျေးရွာတောင်ဘက်ရှိ အမြင့် သုံးပေခန့်ရှိ ဖူးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၇ ဧက ထပ်မံသွားရောက် စုပေါင်းဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## 2025 ASB Classic တင်းနစ်ပြိုင်ပွဲ ဒီဇင်ဘာ ၂၇ရက်တွင် စတင်မည်



**လန်ဒန် ဒီဇင်ဘာ ၉**

နယူးဇီလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော်တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 ASB Classic တင်းနစ်ပြိုင်ပွဲကိုလာမည့် ဒီဇင်ဘာ ၂၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 ASB Classic တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်အထိ ၁၆ ရက်ကြာကျင်းပသွားမည် ဖြစ်သည်။

2025 ASB Classic တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (ဝဲပုံ)

ASB Classic တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ပြင်သစ်တင်းနစ်ကစားသမား Gaël Monfils နှင့် ဒိန်းမတ်တင်းနစ်မယ် Clara Tauson တို့ ဖြစ်သည်။ **(NGB)**

## အက်စ်တီဗာအိုကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် မန်စီးတီးအသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၉**

မန်စီးတီးအသင်းသည် ချဲလ်ဆီးအသင်း တောင်ပံကစားသမား အက်စ်တီဗာအိုကို ကလပ် စံချိန်တင်ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၄ ဒသမ ၈ သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



ချဲလ်ဆီးအသင်းကလည်း အက်စ်တီဗာအိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်စီးတီးအသင်း အနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းထံမှ အက်စ်တီဗာအိုအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## အီဒါဆန်ကို စာချုပ်သက်တမ်းတိုးရန် အတ္တလန္တာအသင်းစီစဉ်

**တူရင် ဒီဇင်ဘာ ၉**

အတ္တလန္တာအသင်းသည် အသင်းအဓိက ကွင်းလယ်ကစားသမား အီဒါဆန်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အတ္တလန္တာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၂ ပွဲကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

အတ္တလန္တာအသင်းထုတ်ပြန်ချက်တွင် "အီဒါဆန်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)(NGB)**





## ၂၀၂၅ ခုနှစ်အတွင်း ဥရောပထိပ်တန်းလိဂ်(၅)ခုတွင် အိမ်ကွင်းရှုံးပွဲမရှိသည့် အသင်းအဖြစ် နာပိုလီအသင်း မှတ်တမ်းဝင်

**တူရင် ဒီဇင်ဘာ ၉**

၂၀၂၅ခုနှစ်အတွင်း ဥရောပထိပ်တန်းလိဂ်(၅)ခုတွင် အိမ်ကွင်းရှုံးပွဲမရှိသည့် အသင်းအဖြစ် နာပိုလီအသင်းက မှတ်တမ်းဝင်ခဲ့သည်။

နာပိုလီအသင်းသည် စီးရီးအေပွဲစဉ်အဖြစ် ဂျူဗင်တပ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းသည် ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေပွဲစဉ် ၁၄ ပွဲကစားအပြီးတွင် ရမှတ် ၃၁ မှတ်ဖြင့် အဆင့် (၁) နေရာတွင် ရပ်တည်ကာ ချန်ပီယံဖြစ်ရန်လည်း ရေပန်းစားလျက်ရှိသည်။

နာပိုလီအသင်း၏ ထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။အသင်းအတွက်အကောင်းဆုံးစွမ်းဆောင်ပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)(NGB)**



## ဝုဖ်အသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိကြောင်း နည်းပြ အာမိုရင်မ်ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၉**

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းက ဝုဖ်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်၌ နည်းပြ အာမိုရင်မ်က ယခုပွဲစဉ်တွင် ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

မန်ယူအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၂၅မိနစ်နှင့် ၈၂မိနစ်တွင် ဘရူနိုဖာနန်ဒက်စ်၊ ပွဲချိန် ၅၁မိနစ်တွင် အမ်ဘူမို၊ ပွဲချိန် ၆၂မိနစ်တွင် မေဆွန်မောင့်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

မန်ယူအသင်း နည်းပြ အာမိုရင်မ်က "ဝုဖ်အသင်းကို ဂိုးပြတ်နိုင်ရရှိလို့ အလွန်ကျေနပ်မိပါတယ်။ ဒီပွဲမှာ အသင်းသားတွေရဲ့ စွမ်းဆောင်ရည်ကိုလည်း အားရကျေနပ်မိပါတယ်။ နောက်ထပ်လာမယ့် ပွဲစဉ်တိုင်းကိုလည်း အနိုင်ရရှိအောင် ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## မော့စ်ကွီရာ ခြေကျင်းဝတ်ဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရမည်

**လန်ဒန် ဒီဇင်ဘာ ၉**

အာဆင်နယ်အသင်း နောက်ခံကစားသမား မော့စ်ကွီရာသည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် အာဆင်နယ်အသင်းက ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား မော့စ်ကွီရာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမား မော့စ်ကွီရာသည် အာဆင်နယ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ၁၆ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြထားသည်။ **(NGB)**

### အရှေ့တောင်အာရှ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ — နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၁၀-၁၂-၂၀၂၅ ညနေ၆း၀၀နာရီ | A | ထိုင်း - စင်ကာပူ |

### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်) (ပွဲစဉ်-၆) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/ပြည်တွင်းအမှတ်ပေးပွဲ အဆင့်) | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|---|
| ၁၁-၁၂-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၀၀း၁၅ နာရီ | (၁၉)ကာရာဘတ် - အေဂျက်စ်(၃၆)<br>(အဇာဘိုင်ဂျန်-၁) (နယ်သာလန်-၄) | ကာရာဘတ် ၀-၃ အေဂျက်စ်<br>(၂၄-၁၀-၂၀၂၄ ယူရိုပါလိဂ်) |
| ။ | ။ | (၃၄)ဗီလာရီးရဲလ် - ကိုပင်ဟေဂင်(၂၉)<br>(စပိန်-၃) (ဒိန်းမတ်-၅) | — |
| ။ | နံနက် ၀၂း၃၀ နာရီ | (၂၇)ဘီလ်ဘာအို - PSG(၂)<br>(စပိန်-၇) (ပြင်သစ်-၂) | ဘီလ်ဘာအို ၂-၀ PSG<br>PSG ၄-၂ ဘီလ်ဘာအို |
| ။ | ။ | (၁၇)လေဗာကူဆင် - နယူးကာဆယ်(၁၁)<br>(ဂျာမနီ-၄) (အင်္ဂလန်-၁၁) | — |
| ။ | ။ | (၃၀)ဘင်ဖီကာ - နာပိုလီ(၂၀)<br>(ပေါ်တူဂီ-၃) (အီတလီ-၁) | ဘင်ဖီကာ ၁-၂ နာပိုလီ<br>နာပိုလီ ၄-၂ ဘင်ဖီကာ |
| ။ | ။ | (၆)ဒေါ့မွန် - ဘိုဒို(၃၂)<br>(ဂျာမနီ-၃) (နော်ဝေ-၂) | — |
| ။ | ။ | (၂၆)ဘရူဂျက် - အာဆင်နယ်(၁)<br>(ဘယ်လ်ဂျီယံ-၃) (အင်္ဂလန်-၁) | — |
| ။ | ။ | (၂၂)ဂျူဗင်တပ် - ပါဖို့စ်(၂၄)<br>(အီတလီ-၇) (ဆိုက်ပရပ်စ်-၁) | — |
| ။ | ။ | (၅)ရီးရဲလ်မက်ဒရစ် - မန်စီးတီး(၉)<br>(စပိန်-၂) (အင်္ဂလန်-၂) | ရီးရဲလ်မက်ဒရစ် ၃-၁ မန်စီးတီး<br>မန်စီးတီး ၂-၃ ရီးရဲလ်မက်ဒရစ် |

မှတ်ချက်။ ( )အတွင်းမှ ရလဒ်များသည် ပြိုင်ပွဲဝင် (၃၆)သင်း၏ ချန်ပီယံလိဂ် အမှတ်ပေး လိဂ်အဆင့်များဖြစ်သည်။

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၁-၁၂-၂၀၂၅ နံနက် ၀၂း၁၅ နာရီ | (၇)ဘရစ္စတိုး - လက်စတာ(၁၄)<br>(D,W,L,W,L) (W,W,L,L,W) | ဘရစ္စတိုး ၁-၀ လက်စတာ<br>လက်စတာ ၁-၀ ဘရစ္စတိုး (၂၄-၂၅) |
| ။ | (၁၅)ဒါဘီ - မီလ်ဝေါလ်(၃)<br>(W,L,W,L,L) (D,L,W,W,W) | ဒါဘီ ၀-၁ မီလ်ဝေါလ်<br>မီလ်ဝေါလ် ၁-၁ ဒါဘီ |
| ။ | (၄)အစ်ဆွစ်ချ် - စတုတ်(၆)<br>(D,W,L,D,W) (L,L,W,L,L) | အစ်ဆွစ်ချ် ၂-၀ စတုတ်<br>စတုတ် ၀-၀ အစ်ဆွစ်ချ် (၂၄-၂၅) |
| ။ | (၉)ဟားလ်စီးတီး - ဝရက်ဇ်ဟမ်း(၁၂)<br>(W,L,L,W,L) (W,D,W,D,D) | — |

# Digital Platform အသုံးပြု စားသုံးဆီဖြန့်ဖြူးရေးစနစ် မိတ်ဆက်ခြင်းအခမ်းအနားပြုလုပ်



**မန္တလေး ဒီဇင်ဘာ ၉**

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိသော Digital Platform အသုံးပြု စားသုံးဆီဖြန့်ဖြူးရေးစနစ် မိတ်ဆက်ခြင်းအခမ်းအနား (မန္တလေးတိုင်းဒေသကြီး)ကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးရှိ မြို့တော်ခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီမှ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ တိုင်းဒေသကြီး စက်သုံးဆီနှင့် စာသုံးဆီများ ရောင်းချမှုကြီးကြပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စားအုန်းဆီ လက်ကား၊ လက်လီ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

ဦးစွာ မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့ စီးပွားရေးရာ ဝန်ကြီးက စားသုံးသူ ပြည်သူများ စားသုံးဆီ ဝယ်ယူရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်မှုကော်မတီက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ အကျယ်တဝင့် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ Capital Connect Limited မှ Chief Technology Officer ဦးကျော်မျိုးသက်က စားသုံးဆီဖြန့်ဖြူးမှုစနစ် Digital Platform ကို Video Clip ဖြင့် ရှင်းလင်းတင်ပြခြင်းကိုလည်းကောင်း၊ တော်ဝင်ဇကရာဇ် ကုမ္ပဏီမှ General Manager ဦးမင်းချမ်းက စားသုံးဆီများ သယ်ယူပို့ဆောင်ရာတွင် GPS, CCTV စနစ်များ တပ်ဆင်စောင့်ကြည့်စစ်ဆေးမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ သားဘဏ်မှ တာဝန်ရှိသူတစ်ဦးက စားအုန်းဆီဖြန့်ဖြူး ရောင်းချသူများအတွက် ဝန်ဆောင်ပေးအပ်နေမှုအခြေအနေများကိုလည်းကောင်းအသီးသီးရှင်းလင်း တင်ပြကြပြီးနောက် တက်ရောက်လာကြသူများက စားသုံးဆီသယ်ယူပို့ဆောင်ဖြန့်ဖြူးမှုနှင့် စပ်လျဉ်း၍ သိရှိလိုသည့်အကြောင်းအရာ မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ် ၅)**

# တက်ဟုန်းဆရာအတတ်သင်တက္ကသိုလ် မိတ်ဆက်ပွဲနှင့် ပညာရေးဆိုင်ရာဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဒီဇင်ဘာ ၉**

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ တက်ဟုန်းဆရာအတတ်သင် တက္ကသိုလ် မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ အမရပူရ အိုင်ကွန် Amara Ballroom တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တက်ဟုန်းဆရာ အတတ်သင်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ (မန္တလေး)မှ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တက်ဟုန်းဆရာအတတ်သင် တက္ကသိုလ်ပါမောက္ခ Mr. Yang Ming Hong က အဖွင့်စကား ပြောကြားပြီး တက်ဟုန်းဆရာ အတတ်သင်တက္ကသိုလ်အကြောင်း မိတ်ဆက်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာ ဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦး၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးတင်လတ်၊ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ လျှံမောဟ်ယော့တရုတ်စာပေနှင့် ယဉ်ကျေးမှု အသင်းဥက္ကဋ္ဌ ဦးတင်ချန်း၊ မန္တလေးအင်းဝကိုယ်ပိုင် အထက်တန်းကျောင်းအုပ် Mr. Yang Zhou၊ Hua Xia၊ တရုတ်စာသင်ကျောင်းအုပ် Mr. Shang Chao Jun တို့နှင့် တာဝန်ရှိသူများက အသီးသီးအမှာစကားများ ပြောကြားကြသည်။

၎င်းနောက် အခမ်းအနားကို အစီအစဉ်တိုင်း ဆက်လက် ကျင်းပခဲ့ပြီး ပညာရေးဆိုင်ရာများကို အပြန်အလှန်ဆွေးနွေး ဖလှယ်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ် ၄)**



# သွေးတိုးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေး(အခမဲ့)စောင့်ရှောက်မှု ဆောင်ရွက်ပေး

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ သူနာပြုတက္ကသိုလ်(မန္တလေး) ပြည်သူ့ကျန်းမာရေး သူနာပြုစုမှုပညာဌာနမှ တာဝန်ရှိသူများက ရပ်ကွက်အတွင်း သွေးတိုးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေး(အခမဲ့) စောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ သွားဆရာဝန် ဒေါက်တာဇော်ဇော်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံက နှုတ်ခွန်းဆက် စကားပြောကြားပြီး သူနာပြုတက္ကသိုလ်(မန္တလေး) သူနာပြုသိပ္ပံတွဲ(ပေါင်းကူး) ကျောင်းသူတစ်ဦးက သွေးတိုးရောဂါ အကြောင်း ဟောပြောသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေး(အခမဲ့)စောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ ရပ်ကွက်နေ ပြည်သူများကို တွဲဖက်ဌာနမှူး ဒေါ်ခင်သူဇာသိန်း၊ ကထိက ဒေါက်တာမီမီသွင်၊ လက်ထောက်ကထိက ဒေါ်ဇဝါဝါထွန်း၊ လက်ထောက်ကထိက ဒေါက်တာလှမျိုးသွယ်နှင့် ကျောင်းသူ ၂၁ ဦး၊ မဟာအောင်မြေမြို့နယ်၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇော်ဇော်အောင်၊ ဒေါက်တာပိုင်သုကို၊ ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံနှင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အတွင်း သွေးတိုးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေး အခမဲ့စောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ပြီးနောက် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အတူတကွ ဆောင်ရွက်ခဲ့ကြပြီး ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးအဖွဲ့က လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ် ၆)**

# စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း(၁/၂၀၂၅) ဖွင့်လှစ်

**မန္တလေး ဒီဇင်ဘာ ၉**

စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း (၁/၂၀၂၅)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထက်အောင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု(မန္တလေး) တပ်ဖွဲ့စုမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း ဗဟို ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူး ဦးမြင့်သန်းနှင့်အဖွဲ့ဝင်များ၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့သည်။

အခမ်းအနား၌ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဖွင့်အမှာစကားနှင့် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၁ ဦးအား ဒီဇင်ဘာ ၁၂ ရက်ထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ် ၄)**



# ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်



**မန္တလေး ဒီဇင်ဘာ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကျင်းပသွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးတွင် အပိုင်း သုံးပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတွင် အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နှင့် အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်သည် အပိုင်း(၂)တွင် ပါဝင်ရာ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးသည် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ၌ မဲရုံများတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ပါ ဆက်စပ်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် ကျောက်ပန်းတောင်းမြို့နယ်အတွင်း "ဒို့အတူတူ မဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" သတင်းစကားပါ လက်ကမ်းစာစောင် ၁၂၀၀ ကျော် ဖြန့်ဝေခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လူထုအသိပညာပေးဆိုင်းဘုတ်များကိုလည်း စိုက်ထူခြင်းများဆောင်ရွက်ထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ် ၄)**

# ကျောက်ဆည်-တံစိုး-မင်းစု-မြစ်သားလမ်း၌ ပျက်စီးသွားသည့် ၆/၈ တံတား ပြန်လည်ပြုပြင်ရာ ရာနှုန်းပြည့် ပြီးစီး

**ကျောက်ဆည် ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် သဘာဝဘေးကြောင့် ပျက်စီးသွားသည့် ကျောက်ဆည်-တံစိုး-မင်းစု-မြစ်သားလမ်းမှ ၆/၈ တံတားအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံ ငွေကျပ် ၇၀ ဒသမ ၀၀၀ သန်း အကုန်ကျခံကာ မြို့နယ်လမ်းဦးစီးဌာနမှ ပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများပြီးစီးပြီဖြစ်၍ ပြည်သူများ အချိန်အခါမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်သည်။

အဆိုပါ ပျက်စီးသွားသည့် ကျောက်ဆည်-တံစိုး-မင်းစု-မြစ်သားလမ်းသည် ကျောက်ဆည်မြို့နှင့် မြစ်သားမြို့တို့အား ဆက်သွယ်ထားသော အတိုဆုံးလမ်းပေါ်တွင် တည်ရှိပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရန်နှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျောက်ဆည်မြို့နယ်လမ်းဦးစီးဌာနမှ အရှည် ၁၈ ဒသမ ၂၈ မီတာ ဘေလီ တံတား



Double Single တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများ ပြီးစီးပြီဖြစ်သောကြောင့် လမ်းဘေးဝဲယာရှိ တံစိုး၊ မင်းစု၊ လေးဆယ်ကုန်း၊ ကသဲကုန်း၊ အင်ယောင်းကျေးရွာများမှ ပြည်သူများအပြင် ဟံမြင့်မိုရ်-မင်းစု-ရွာမုန်း-ဒါးရဲကောင်းလမ်းနှင့် ဆက်သွယ်ထားသည့် လမ်းဖြစ်သည့်အတွက် ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(၄၈၅)**



# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**စဉ့်ကိုင် ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးဉာဏ်စိုးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအနက်မှ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်းတွင် မပါရှိသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို မြို့မရပ်ကွက်၊ ရွှေစေတီဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မကြာမီ ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အသက်(၁၈)နှစ်နှင့်အထက် ဝန်ထမ်းမိသားစုဝင်များအနက်မှ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ၊ ပျောက်ဆုံး၊ ပျက်စီးသူများနှင့် အိမ်ထောင်စု လူဦးရေစာရင်းတွင် မပါဝင်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**

အလုပ်ဆင်းပြန် မမေ့ရန်
မီးနှင့် ပန်ကာပိတ်။

# ဆည်တော်ကြီးဆည်ရေသောက်ဒေသများတွင် လာမည့် နွေစပါးစိုက်ပျိုးချိန် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေသွားမည်

ဆည်တော်ကြီး ဆည်ရေသောက်ဒေသများတွင် လာမည့် နွေစပါးစိုက်ပျိုးချိန် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆည်တော်ကြီး ရေပိုလွှဲတံခါးကြီးများမှ မိုးစပါးအောင်ရေအတွက် ရေထုတ်လွှတ်ပေးနေပြီး တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်တော်ကြီးရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ တမံကြံ့ခိုင်မှုအတွက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

ဆည်တော်ကြီးတမံအတွင်း ရေသိုလှောင်ထိန်းသိမ်းထားမှု အခြေအနေအရ မိုးစပါးအောင်ရေအတွက် ရေထုတ်လွှတ်နေမှု မန္တလေး ၊ မတ္တရာ၊ ပုသိမ်ကြီးနှင့် အမရပူရမြို့နယ်များအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လာမယ့် နွေစပါးစိုက်ချိန်မှာ ဆည်ရေသောက်ဒေသအကုန်လုံးကို စိုက်ပျိုးရေပေးဝေသွားမှာပါ။ လက်ရှိ တမံထဲမှာ ရေသိုလှောင်မှု ကောင်းပါတယ်။ လျှပ်စစ်မီးထုတ်လုပ်ဖို့ ပြင်ဆင်နေပါတယ်။ မကြာမီ ရေထုတ်လွှတ်လည်ပတ်တော့မှာပါ။ နွေစပါးအတွက်ကို ဖေဖော်ဝါရီ ၁၅ ရက်မှာ စတင်ပေးဝေသွားမှာပါ" ဟု ၎င်းက ပြောသည်။

ယခင်နှစ်များက ဆည်ရေမရရှိသောကြောင့် ရေသုံးစွဲမှုနည်းသည့် နှမ်းကို တောင်သူများ ပြောင်းလဲ စိုက်ပျိုးကြရသည်။ ယခုနှစ်တွင် အမရပူရ မြောင်းအဆုံးအထိ နွေသီးနှံအတွက် ဆည်ရေလုံလောက်စွာ ပေးဝေသွားမည် ဖြစ်သည်။

အဆိုပါဆည်တော်ကြီးရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စလေကျေးရွာအုပ်စု၊ ဆည်တော်ကြီးရွာအနီးတွင်တည်ရှိပြီး မန္တလေးမြို့ ရေပေးဝေရေး၊ မတ္တရာဒေသနှင့် မန္တလေးပတ်ဝန်းကျင်ဒေသတွင်း စိုက်ပျိုးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးတို့အတွက် ရည်ရွယ်ဆောက်လုပ်ထားသည့် တာတမံဖြစ်ကြောင်း၊ ၁၉၇၆ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၁၉၈၇ ခုနှစ်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည့်မြေသား၊ ကွန်ကရစ်၊ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ကာ တမံအလျား ပေ ၄၁၂၀၊ တမံအမြင့် ၁၃၃ ပေနှင့် တမံထိပ်အကျယ် ပေ ၂၀ ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏအနေဖြင့် ဧကပေ ၃၆၃၀၀၀ ရှိကြောင်း၊ မန္တလေး တိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာများအတွက် ဆည်ရေပေးဝေနိုင်သည့် လယ်မြေဧက ၉၃၂၃၆ ကို စိုက်ပျိုးရေ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် ဆည်တော်ကြီးရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် စက်တပ်စွမ်းအား ၂၅ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု နာရီ သန်းပေါင်း ၁၃၄ ကီလိုဝပ်ကိုလည်း ထုတ်လုပ်ပေးသဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ဆည်တော်ကြီး ရေလှောင်တမံဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်တွင် ရေသိုလှောင်ပမာဏ ဧကပေ ၂၉၆၉၈၀ ရှိကြောင်း သိရသည်။

**အောင်မြင့်မြတ်**

**(စိုက်ပျိုးရေးသတင်းထောက်)**



# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ဗီယက်နမ်နိုင်ငံမှ အကြီးဆုံးကော်ပိုရေးရှင်း ဗင်းကုမ္ပဏီအုပ်စု အိန္ဒိယနိုင်ငံ တီလန်ဂါနာ ပြည်နယ်၌ ဒေါ်လာ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံ



**ဟနွိုင်း ဒီဇင်ဘာ ၉**

ဗီယက်နမ်၏ အကြီးဆုံး ကော်ပိုရေးရှင်းအုပ်စုဖြစ်သော ဗင်းကုမ္ပဏီအုပ်စုသည် အိန္ဒိယ တောင်ပိုင်းပြည်နယ်၌ ကဏ္ဍစုံပါဝင်သည့် ဂေဟစနစ်တစ်ခုထူထောင်ရန်အတွက် ဒေါ်လာ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် အဆိုပြုချက်ဖြင့် အိန္ဒိယနိုင်ငံ တီလန်ဂါနာပြည်နယ်အစိုးရနှင့် ဒီဇင်ဘာ ၉ ရက်တွင် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ စီမံကိန်းများသည် ဟက်တာ ၂၅၀၀ ခန့်(ဧက ၆၁၇၇) အကျယ်အဝန်းတွင် စမတ်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်သုံးသွားလာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများကို လွှမ်းခြုံထားမည်ဟု ဆိုသည်။

ထုတ်ပြန်ချက်အရ တီလန်ဂါနာအစိုးရသည် မြေနေရာချထားပေးခြင်း၊ အတည်ပြုချက်များကို အမြန်ဆောင်ရွက်ပေးခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

'ဗီယက်နမ်နှင့် အရှေ့တောင်အာရှ ရင်းနှီးမြှုပ်နှံမှုအတွက် အိန္ဒိယနိုင်ငံ၏ အလျင်မြန်ဆုံးတိုးတက်နေသော စီးပွားရေး၏ ဝင်ထွက်ပေါက်အဖြစ် တီလန်ဂါနာကို နေရာချထားရန် ကျွန်ုပ်တို့ကတိပြုပါသည်'ဟု တီလန်ဂါနာအစိုးရ၏ အထူးအကြီးအကဲ အတွင်းရေးမှူးဖြစ်သူ ဆန်ဂျေးကူးမားက ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## အခွန်မူဝါဒများကြောင့် နစ်နာခဲ့သည့် တောင်သူလယ်သမားများကို အမေရိကန်သမ္မတ ထရမ့်က ဒေါ်လာ ၁၂ ဘီလီယံ ထောက်ပံ့ကူညီမည်

**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ၎င်း၏တင်းကျပ်သော အခွန်မူဝါဒများကြောင့် ထိခိုက်နစ်နာခဲ့သည့် တောင်သူလယ်သမားများကို ကူညီရန်အတွက် ဒေါ်လာ ၁၂ ဘီလီယံ တန်ဖိုးရှိ အကူအညီအစီအစဉ်ကို ကြေညာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သမ္မတ ထရမ့်သည် ယင်းအစီအစဉ်ကို တနင်္လာနေ့တွင် အိမ်ဖြူတော် အခမ်းအနားတစ်ခု၌ ကြေညာခဲ့ပြီး အဆိုပါရန်ပုံငွေကို အခွန်များမှရရှိသည့် ငွေများထဲမှ ယူသုံးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထရမ့်က 'ကျွန်တော်တို့ လုပ်ဆောင်နေတာက အဲဒီငွေထဲက အချိုးအစားအားဖြင့် သေးငယ်တဲ့ အစိတ်အပိုင်းတစ်ခုကို ယူပြီး စီးပွားရေးအကူအညီအနေနဲ့ တောင်သူလယ်သမားတွေကို ပေးအပ်သွားမှာပါ' ဟု ပြောဆိုခဲ့သည်။ **Mon**

## တရုတ်နိုင်ငံမှ ယိုဂန် ၄၇ အမည်ရှိ ဂြိုဟ်တုအသစ်တစ်လုံးကို လောင်းမတ်ချ် ၄ ဘီ သယ်ဆောင်ရေးဒုံးပျံဖြင့် လွှတ်တင်

**ပေကျင်း ဒီဇင်ဘာ ၉**

တရုတ်နိုင်ငံသည် ယိုဂန် ၄၇ အမည်ရှိ ဂြိုဟ်တုအသစ်တစ်လုံးကို အာကာသသို့ပို့လွှတ်ရန်အတွက် လောင်းမတ်ချ် ၄ ဘီ သယ်ဆောင်ရေးဒုံးပျံကို ဒီဇင်ဘာ ၉ ရက်တွင် ပစ်လွှတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အဝေးထိန်းအာရုံခံဂြိုဟ်တုကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ဂျီကွမ်ဂြိုဟ်တုပစ်လွှတ်ရေးစင်တာမှ ပေကျင်းစံတော်ချိန်နံနက် ၁၁ နာရီ ၄၁ မိနစ်တွင် ပစ်လွှတ်ခဲ့ပြီး ကြိုတင်သတ်မှတ်ထားသော ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ရောက်ရှိခဲ့သည်။

ယင်းဂြိုဟ်တုကို နိုင်ငံတော်မြေယာစစ်တမ်းများ၊ မြို့ပြစီမံကိန်း၊ လမ်းကွန်ရက်ပုံစံရေးဆွဲခြင်း၊ သီးနှံအထွက်နှုန်း ခန့်မှန်းခြင်း၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ချရေးတို့တွင် အဓိက အသုံးပြုသွားမည်ဖြစ်သည်။

အဆိုပါ ပစ်လွှတ်မှုသည် လောင်းမတ်ချ် သယ်ဆောင်ရေးဒုံးပျံစီးရီး၏ ၆၁၄ ကြိမ်မြောက် ပျံသန်းမှုဖြစ်ကြောင်း သိရသည်။ **Mon**





## ပြင်းအား ၇ ဒသမ ၅ ရှိသည့် ငလျင် ညပိုင်းတွင်လှုပ်ရှား ဂျပန်အရှေ့မြောက်ပိုင်း ဒေသခံများရွှေ့ပြောင်းပေးခဲ့ရ

**တိုကျို ဒီဇင်ဘာ ၉**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် ဒီဇင်ဘာ ၈ ရက်ညက လှုပ်ခဲ့သော ပြင်းအား ၇ ဒသမ ၅ ရှိသည့် ငလျင်ကြောင့် လူပေါင်း အနည်းဆုံး ၃၀ ဒဏ်ရာရရှိခဲ့ပြီး လူထောင်ပေါင်းများစွာကို ၎င်းတို့၏ နေအိမ်များမှ ရွှေ့ပြောင်းပေးခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန် မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ ယင်းငလျင်သည် ဒေသစံတော်ချိန်ည ၁၁ နာရီ ၁၅ မိနစ်တွင် အာအိုမိုရီဒေသ ကမ်းလွန်ပင်လယ်ပြင်မှ ကီလိုမီတာခန့် ၈၀ အကွာ၊ မြေအောက်အနက် ကီလိုမီတာ ၅၀(၃၁ မိုင်)၌ လှုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ငလျင်လှုပ်ရှားမှုကြောင့် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့ရသော်လည်း လက်ရှိတွင် သတိပေးချက်ကို ပယ်ဖျက်လိုက်ပြီးနောက် ၇၀ စင်တီမီတာ(၂၇ လက်မ) အမြင့်ရှိ လှိုင်းတံပိုးများကိုလည်း တွေ့ရှိခဲ့ရသည်။

ယင်းနောက်ဆက်တွဲ အခြေအနေများအရ ရထားလမ်းကြောင်း အချို့ဆိုင်းငံ့ခဲ့ရပြီး အိမ်ထောင်စုထောင်ပေါင်းများစွာတွင် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

လာမည့် ရက်ပိုင်းအတွင်း ပိုမိုပြင်းထန်သော နောက်ဆက်တွဲ ငလျင်များဖြစ်ပွားနိုင်ကြောင်း သတိပေးထားပြီး ပြည်သူလူထုအနေဖြင့် အနည်းဆုံး တစ်ပတ်ကြာ အထူးဂရုပြုစောင့်ကြည့်နေရန် အာဏာပိုင်များက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **Mon**

**STOP AIDS**

## ဂျကာတာရုံးအဆောက်အအုံတစ်လုံး မီးလောင်မှုကြောင့် သေဆုံးသူ ၂၂ ဦးအထိရှိလာ

**ဂျကာတာ ဒီဇင်ဘာ ၉**

ဒီဇင်ဘာ ၉ ရက်က အင်ဒိုနီးရှားနိုင်ငံမြို့တော်ဂျကာတာအလယ်ပိုင်းဒေသရှိတယ်ရာဒရုန်းရုံးအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားပြီးနောက် လူ ၂၂ ဦး သေဆုံးခဲ့သည်ဟု ဒေသအာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

မီးလောင်မှုကို ငြိမ်းသတ်ရန် မီးသတ်ကား ၂၉ စီးနှင့် မီးသတ်သမား ၁၀၁ ဦးတို့ကို မီးလောင်မှုဖြစ်ပွားရာနေရာသို့ ဖြန့်ကြက်ချထားသည်ဟု ဂျကာတာအလယ်ပိုင်းဒေသ မီးသတ်ဌာန၏ သတင်းထုတ်ပြန်ရေးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ ဒါဝီဆက်ပ်တီယန်တိုက ပြောကြားခဲ့သည်။

မီးလောင်မှုသတင်းကို မွန်းလွဲ ၁၂ နာရီ ၄၃ မိနစ်တွင် ရရှိခဲ့ပြီးနောက် မီးလောင်မှုဖြစ်ပွားရာနေရာသို့ အရေးပေါ်ချက်ချင်းသွားရောက်ခဲ့ကြောင်းနှင့် မီးလောင်မှုသည် အဆိုပါအဆောက်အအုံ ပထမထပ်ရှိ ဘက်ထရီမှ စတင်ဖြစ်ပွားနိုင်သည်ဟု ယူဆရကြောင်း ၎င်းက ပြောသည်။

အဆိုပါအဆောက်အအုံတွင် ဒရုန်းများအတွက် လစ်သီယမ် ဘက်ထရီများကို ထုတ်လုပ်လျက်ရှိသည်။ မီးလောင်မှုကြောင့် သေဆုံးသူများသည် ဘက်ထရီ မီးခိုးငွေ့များကို ရှူရှိုက်ကောင်း ရှူရှိုက်မိနိုင်ကြောင်း ဆက်ပ်တီယန်တိုက ပြောသည်။ မီးလောင်မှုကို ညနေ ၅ နာရီ ၅ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ပြီး အဆောက်အအုံ၏ အထပ်များအားလုံးကို စစ်ဆေးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါမီးလောင်မှုတွင် လူ ၂၂ ဦး သေဆုံးကြောင်းအတည်ပြုဖော်ပြခဲ့ပြီး ၅၄ ဦး အသက်ရှင်လွတ်မြောက်ခဲ့ကြောင်းသိရသည်။ မီးလောင်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ဆက်လက်ပြောင်းလဲနိုင်ကြောင်း အဒီက ပြောသည်။



မီးလောင်မှုကြောင့်သေဆုံးသူများအားလုံးကို ဂျကာတာအရှေ့ပိုင်းဒေသရှိ ကရာမတ်ဂျက်တီရဲ ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ **ဆင်ဟွာ**

## လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**သရက် ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ရှေ့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင်မိသားစုလျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများ၊ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ၊ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသော ခန္ဓာကိုယ်၊ ရေစိုအဝတ်အစား ဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန်နှင့် တမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန်တို့ ပါရှိသော လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**





## မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

**မကွေး ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၌ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် မီးလန့်မှု၊ မီးလောင်မှု မဖြစ်ပွားစေရေးအတွက် မြို့နယ်အတွင်း KTV လုပ်ငန်းများအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း KTV လုပ်ငန်းများအား မီးဘေးလုံခြုံအတွက် တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အဆင်သင့်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားခြင်းရှိ၊ မရှိ စစ်ဆေးခြင်း၊ Pump စနစ်များ ကောင်းမွန်မှုရှိ၊ မရှိစစ်ဆေးခြင်း၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိစစ်ဆေးခြင်း၊ Fire Alarm System ကောင်းမွန်မှုရှိ၊ မရှိ စစ်ဆေးခြင်းများ ပြုလုပ်ပြီး ဝန်ထမ်းများအား မီးငြိမ်းသတ်ရေးပစ္စည်းများ လက်တွေ့ကိုင်တွယ်အသုံးပြုတတ်စေရန် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုအချိန်ခါ ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သဖြင့် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတိမူရေးနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းများ၊ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ တာခွယ်ကျေးရွာအနီးတွင် ကျထောမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈,၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျထော(၃၆) နှစ် ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မြင်းခြံ ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၌ လုံးပတ် ၁၂ ပေ၊ အမြင့် ပေ ၆၀ခန့်ရှိ ကုက္ကိုပင်သည် အမြစ်မခိုင်၍ လဲကျပြီး လမ်းပိတ်နေကြောင်း ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်ခန့်က သတင်းရရှိသဖြင့် မြင်းခြံခရိုင် မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် နှစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**ရွှေဘို ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်နှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။**(ယာပုံ)**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ် အမှတ်(၁၁၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က တဲကြီးကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်းရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရွှေဘိုမှ မြစ်ကြီးနားဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ စိုင်းသူရ(၄၆)နှစ် ဆိုသူ မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စိုင်းသူရ ဆိုသူအား ရွှေဘိုမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီ မိနစ် ၅၀တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က စီလမ်းဆုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်မှ နေပြည်တော်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်နေ နိုင်နိုင်(၅၀)နှစ် ဆိုသူ မောင်းနှင်လာသည့် TOYOTA CROWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နိုင်နိုင် ဆိုသူအား ဒက္ခိဏသီရိ မြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်၊ အကွက်အမှတ်(၈၄၂)၊ ဦးပိုင်အမှတ်(၃၈)၏ အရှေ့ဘက်ဆုံးအစိတ်အပိုင်း၊ အရှေ့အနောက် (၁၈)ပေ၊ တောင်မြောက်ပေ(၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ဆိုင်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး ဒေါ်ထုံရီ(၁၃/မတတ(နိုင်)၀၂၃၇၆၃)က ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာစိုးမှ ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မင်း (B.Sc(Chem),Dip in Business Law,H.G.P)**

**အထက်တန်းရှေ့နေ(စဥ်-၂၀၀၅၁)**

**လမ်း၈၀နှင့်၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၂)၊ ဦးပိုင်အမှတ်(၁၄+၁၇)၊ ဧရိယာ(၀ ဒသမ ၀၃၃)ဧကရှိ ဒေါ်သိန်းသိန်းနိုင် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ (၂)လုံး၊ ရေမီတာ၊ လျှပ်စစ်မီတာ၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိက တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိန်းသိန်းနိုင် (ဘ)ဦးချစ်စိန်(၉/မရမ(နိုင်)၀၂၃၃၉၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါဂရန်မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစွဲထွင့်ရှိုး(LL.B)** **ဒေါ်ဝင်းဝင်းရွှေ (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၈-၃/၂၉)၊ ၆၁လမ်း၊ ၁၁၁(C)လမ်းထောင့်၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၀၀၄၀၄၊ ၀၉-၆၆၀၀၁၁၄၀၄၊ ၀၉-၉၆၄၁၀၀၄၀၄၊ ၀၉-၉၇၀၈၈၂၀၅၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(ခ-၄)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်မင်းထွေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် အမည်ပေါက်ပိုင်ဆိုင်ထားသူဖြစ်သော ဦးကျော်မင်းထွေး (ဘ)ဦးစိုးလွင်(၉/ခအစ(ပြု)၀၀၀၀၅၉) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၆)၊ ဦးပိုင်နံပါတ်(၄၂-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၂၀×၃၀)အကျယ်အဝန်းရှိ ဦးသိန်းမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသူရိန်ဦး (ဘ)ဦးလှသူ(၉/အမဇ(နိုင်)၀၂၁၄၂၅) [၎င်း၏ကိုယ်စား ဦးဇင်ဝေအောင် (ဘ)ဦးအောင်မြင့်ဆွေ(၅/ဆလက(နိုင်)၀၆၃၁၉၅)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၇)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှဝင်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်စံပယ်ခိုင် (ဘ)ဦးလှမြင့်(၉/မနမ(နိုင်)၀၀၃၅၀၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(နန-၄၉)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှမြင့် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်အောင်မေသန်း (ဘ)ဦးအောင်ထွေး(၅/ဟမလ(နိုင်)၀၀၄၀၄၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

**မီး**

**သတိပြု။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၄)၊ ဦးပိုင်နံပါတ်(၉၅+၉၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းစီရှိ ဒေါ်သန်းကြည် အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များအနက် ဦးပိုင်နံပါတ်(၉၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းရွှံလီ (ဘ)ဦးမင်းကျို့ရင်(၁၃/လရန(နိုင်)၁၄၀၂၅၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများ ဖြစ်ရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။


# (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရိုးရာခြင်းလုံး၊ ကွင်းသွင်းခြင်းခတ်နှင့် ခရစ်ကတ်(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ကျင်းပ

ဘန်ကောက် ဒီဇင်ဘာ ၉

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်းနှင့် ခရစ်ကတ် (အမျိုးသား၊ အမျိုးသမီး) အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိသက်ဆိုင်ရာအားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပသည်။

ဘန်ကောက်မြို့ရှိ Nakhonpathom Sport Center ၌ ကျင်းပလျက်ရှိသည့် ရိုးရာခြင်းလုံးအမျိုးသမီးပြိုင်ပွဲ အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းမှ အားကစားသမား မအေးအေးသန့်၊ မသဲသဲ၊ မစုတွယ်တာ၊ မမွှန်နံ့သာ၊ မမေဦးခင်၊ မယဉ်မင်းသွယ်၊ မနှင်းအိမ်စည်နှင့် မခိုင်သဇင်ဖြိုးတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး မြန်မာအမျိုးသား အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် Linking (Event 3) ပြိုင်ပွဲတွင် မောင်မင်းသစ္စာအောင်၊ မောင်အောင်မြင့်မြတ်၊ မောင်ခန့်ဝင်းဟိန်း၊ မောင်ဝေယံဖြိုး၊ မောင်ရဝေအောင်၊ မောင်ဇော်လင်းမောင်၊ မောင်ခူဝံကျော်၊ မောင်အောင်ပြည့်ဖြိုးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။ (ယာပုံ)

စာမျက်နှာ ၆ သို့ ❂



# (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ခမ်းနားစွာကျင်းပ

ဘန်ကောက် ဒီဇင်ဘာ ၉

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (Southeast Asian Games – SEA Games) ဖွင့်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ပရိသတ် ၅၀၀၀၀ ကျော် ဝင်ဆံ့သည့် ရာဇမန်ဂလာအားကစားရုံ၌ ထိုင်းယဉ်ကျေးမှုများနှင့် ခေတ်မီဆန်းသစ်တီထွင်မှုတို့ ပေါင်းစပ်ကာ ဒီဇင်ဘာ ၉ ရက် ညပိုင်းက ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။

စာမျက်နှာ ၆ သို့ ✳



# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲ (SEA Games) အကြို ခြေစမ်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

(၃၃)ကြိမ်မြောက် အရှေ့တောင် အာရှဆီးဂိမ်းပြိုင်ပွဲ (SEA Games) ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့ ကြိုတင်ရောက်ရှိကာ လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ် အသင်းသည် ယနေ့ ဒီဇင်ဘာ ၉ ရက်တွင် Imane Stadium ၌ Muban Chom Beung University အမျိုးသမီးအသင်းနှင့် လေ့ကျင့်ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဒီဇင်ဘာ ၁၀ ရက်တွင် ဆီးဂိမ်းပြိုင်ပွဲကျင်းပရာ ဘန်ကောက်မြို့သို့ သွားရောက်မည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၁၃ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဖူဆယ်ပွဲစဉ်များကို Channel 7, Reader Channel နှင့် HTV Sport Channel တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

